မြန်မာခရစ်ယာန်မိဿဟာယအသင်းတော်

*Burmese Christian Fellowship*

# †Newsletter - သတင်းလွှာ

*Enjoy free reading from B.C.F. __Volume 17/ Issue 9 /September/ 2024*

**B.C.F Grandparent's Day …_*September 8, 2024***
**B.C.F Children's Day …_*September 29, 2024***

မြေးတို့သည် အသက်ကြီးသောသူ၏ သရဖူ ဖြစ်၏။
သားတို့၏ဘုန်းကား အဘတည်း။ (သုတ္တံကျမ်း၊ ၁၇း၆)




**"Children's children *are* the crown of old men;
and the glory of children *are* their fathers."
Proverbs 17:6**




ဘွားမြင်သော သားသမီးတို့သည် ထာဝရဘုရားဆုချ၍
ပေးသနားတော်မူသော အမွေဥစ္စာဖြစ်ကြ၏။ (ဆာလံကျမ်း၊၁၂၇း၃)

## *2024 Stepember, Sunday Worship Programs*

**SEPTEMBER 2024**

| Sunday | Monday | Tuesday | Wednesday | Thursday | Friday | Saturday |
|---|---|---|---|---|---|---|
| 1 | 2<br>Labor Day | 3 | 4 | 5 | 6 | 7 |
| 8 | 9 | 10 | 11 | 12 | 13 | 14 |
| 15 | 16 | 17 | 18 | 19 | 20 | 21 |
| 22 | 23 | 24 | 25 | 26 | 27 | 28 |
| 29 | 30 | | | | | |

www.wheniscalendars.com 2024

***September 1, 2024 … Holy Communion***
***September 8, 2024 … Grandparent's Day Worship Service***
***September 15, 2024 … Regular Worship Service***
***September 22, 2024 … Regular Worship Service***
***September 29, 2024 … Children's Worship Service***

---

*Worship Place*
*Burmese Christian Fellowship*
*1337 Farmstead Ave.*
*La Puente, CA 91745*

*Worship Service*
*Sunday Worship (Sunday) 2:00 PM*
*Sunday School (Sunday) 2:15 PM*

*Bible Study …. Sunday 1:00-2:00 PM*
*Prayer Meeting …. Every Saturday, 2:00 PM*

## စိတ်နှလုံးသွင်းရန်ရွှေကျမ်းချက်၊–

**ဆာလံကျမ်း၊ ၉၀း၁၇ ။**

အကျွန်ုပ်တို့သည် ပညာတရားကို နှလုံးသွင်းမိမည်အကြောင်း၊ ကိုယ်နေ့ရက်
ကာလကို ရေတွက်နိုင်ခြင်းငှာ သွန်သင်တော်မူပါ။

**ဆာလံကျမ်း၊ ၁၀၆း၁–၃ ။**

ထာဝရဘုရားသည် ကောင်းမြတ်တော်မူ၍၊ ကရုဏာတော်အစဉ်အမြဲ တည်သော
ကြောင့်၊ ဂုဏ်ကျေးဇူး တော်ကို ချီးမွမ်းကြလော့။
ထာဝရဘုရား၏ တန်ခိုးကြီးခြင်း၊ အရာတော်တို့ကို အဘယ်သူပြောနိုင်သနည်း။
ဂုဏ်ကျေးဇူးတော်တို့ကို အဘယ်သူသည် အကုန်အစင်ဘော်ပြနိုင်သနည်း။
ခပ်သိမ်းသောအခါတို့၌ တရားကိုစောင့်ရှောက်၍၊ ဖြောင့်မတ်စွာကျင့်သောသူတို့
သည် မင်္ဂလာရှိကြ၏။

**ဆာလံကျမ်း၊ ၁၂၇း၃–၅ ။**

ဘွားမြင်သော သားသမီးတို့သည် ထာဝရဘုရားဆုချ၍ ပေးသနားတော်မူသော
အမွေဥစ္စာဖြစ်ကြ ၏။
အသက်ပျိုစဉ်၊ ဖွားမြင်သော သားသမီးတို့သည် သူရဲလက်၌ ရှိသော မြှားကဲ့သို့
ဖြစ်ကြ၏။
မိမိမြှားတောင့်ကို သူတို့နှင့် ပြည့်စေသောသူသည် မင်္ဂလာရှိ၏။ သူတို့သည်
ရှက်ကြောက်ခြင်းမရှိ။ ရန်သူတို့ကို တံခါးဝ၌ ဆီးတားကြလိမ့်မည်။

**ဆာလံကျမ်း၊ ၁၂၈း၁–၆ ။**

ထာဝရဘုရားကို ကြောက်ရွံ့၍၊ လမ်းခရီးတော်သို့ လိုက်သွားသမျှသော
သူတို့သည် မင်္ဂလာရှိကြ၏။

ထိုသို့ပြုလျှင် သင်သည် မိမိလက်နှင့်လုပ်ဆောင်၍ရသော အစာကိုစားရလိမ့်
မည်။ မင်္ဂလာရှိ၍ ကောင်းစားရလိမ့်မည်။

သင်၏မယားသည် သင့်အိမ်နားမှာ များစွာအသီးသီးသော စပျစ်နွယ်ပင်ကဲ့သို့
ဌင်း၊ သားသမီးတို့သည် သင့်စားပွဲ ပတ်လည်၌ စိုက်ပျိုးသော သံလွင်ပင်များ ကဲ့သို့ဌင်း
ဖြစ်ကြလိမ့်မည်။

ထာဝရဘုရားကို ကြောက်ရွံ့သော သူသည် ထိုသို့သော မင်္ဂလာရှိရလိမ့်မည်။
ထာဝရဘုရားသည် ဇိအုန်တောင်ပေါ်က ကောင်းကြီးပေးတော်မူ၍၊ ယေရုရှလင်မြို့ ခံရ
သောကောင်းကျိုးကို တသက်လုံးမြင်ရလိမ့်မည်။

မိမိသားသမီးတို့၌ ဖွားမြင်သော သားသမီး တို့ကိုလည်း မြင်ရလိမ့်မည်။
ဣသရေလအမျိုး၌ ငြိမ်ဝပ်ခြင်းရှိပါစေသော။

## Bible Scriptures for Meditation:-

Psalm 90:17

May your favor be on us, Lord our God; make our endeavors successful; yes, make our endeavors secure!

Psalm 106:1-3

Hallelujah! Give thanks to the LORD, since he is good,
or his gracious love exists forever.

Who can fully describe the mighty acts of the LORD
or proclaim all his praises?

How happy are those who enforce justice,
who live righteously all the time.

Psalm 127:3-5

Behold, children *are* a heritage from the LORD,
The fruit of the womb *is* a reward.

Like arrows in the hand of a warrior,
So *are* the children of one’s youth.

Happy *is* the man who has his quiver full of them;
They shall not be ashamed,
But shall speak with their enemies in the gate.

Psalm 128:1-6

Blessed is every one that feareth the LORD; that walketh in his ways.

For thou shalt eat the labour of thine hands: happy shalt thou be, and it shall be well with thee.

Thy wife shall be as a fruitful vine by the sides of thine house: thy children like olive plants round about thy table.

Behold, that thus shall the man be blessed that feareth the LORD.

The LORD shall bless thee out of Zion: and thou shalt see the good of Jerusalem all the days of thy life.

Yea, thou shalt see thy children's children, and peace upon Israel.

## ယုံကြည်သူတိုင်းသိမှတ်စွဲလန်းရမည့်အရာများ၊–

### ဘုရားသခင်၏နှုတ်ကပတ်တရားတော်၊

ဘုရားသခင်၏နှုတ်ကပတ် တရားတော်သည် အသက်ရှင်ခြင်း၊ တန်ခိုးနှင့် ပြုပြင်ခြင်း၊ သန်လျက်တကာ တို့ထက် ထက်ခြင်းနှင့်ပြည့်စုံသည် ဖြစ်၍၊ အသက်နှင့်စိတ်ဝိညာဉ်ကိုင်၎င်း၊ အရိုးအဆစ်နှင့် ခြင်ဆီကို၎င်း၊ ပိုင်ခြား၍ ထုတ်ချင်းခွင်းတတ်၏။ စိတ်နှလုံးအကြံအစည်များကိုလည်း သိမြင်တတ်၏။ (ဟေဗြဲသြဝါဒစာ။ ၄း၁၂)

### ယေရှုခရစ်တော်၊

ယေရှုခရစ်တော်သည် အဘဘုရားသခင်၏သဏ္ဌာန်တော်နှင့် ပြည့်စုံတော်မူသည် ဖြစ်၍၊ ဘုရားသခင်နှင့် ပြိုင်သောအမှုကို လုယူခြင်းအမှုဟူ၍ မထင်မမှတ်လျက်ပင်၊ မိမိအသရေကို စွန့်၍ အစေခံကျွန်၏သဏ္ဌာန်ကို ယူဆောင်လျက်၊ လူကဲ့သို့သောအဖြစ်၌ ဘွားမြင်ခြင်းကို ခံတော်မူ၏။ (ဖိလိပ္ပိသြဝါဒစာ၊၂း၆–၇)

### သန့်ရှင်းသောဝိညာဉ်တော်၊

ဥပဇ္ဈာယ်ဆရာတည်းဟူသော သန့်ရှင်းသောဝိညာဉ်တော်သည် သင်တို့အား ခပ်သိမ်းသောအရာတို့ကို ပြသသွန်သင်တော်မူ၍၊ ငါပြောခဲ့သမျှသောစကားတို့ကို မှတ်မိသောဉာဏ်ကို သင်တို့အား ပေးတော်မူမည်။ (ရှင်ယောဟန်ခရစ်ဝင်ကျမ်း၊၁၄း၁၆)

### ယေရှုခရစ်တော်၌ရှိသော စိတ်သဘော(၇)မျိုး၊

၁။ ယုံကြည်ခြင်း၊
၂။ ချစ်ခြင်း၊
၃။ ဖြောင့်မတ်ခြင်း၊
၄။ ကျေးဇူးပြုခြင်း၊
၅။ သည်းခံခွင့်လွှတ်ခြင်း၊
၆။ နှိမ့်ချအစေခံခြင်း၊
၇။ ဆုံးမသြဝါဒပေးခြင်း၊ … စသည်တို့ ဖြစ်သည်။

### ဆင်ခြင်နှလုံးသွင်းရန်၊

– ယေရှုခရစ်၌ရှိသော ထိုစိတ်သဘောကို သင်တို့၌လည်း ရှိစေကြလော့။ (ဖိလိပ္ပိ၊၂း၅)

– သင်တို့သည် ကိုယ်၌သူတပါး ပြုစေလိုသမျှအတိုင်း သူတပါး၌ ပြုကြလော့။ ဤပြညတ်ကား ပညတ္တိကျမ်းနှင့်အနာဂတ္တိကျမ်းတို့၏ အချုပ်အချာပင်ဖြစ်သတည်း။ (မဿဲ၊၇း၁၂)

– ယနေ့တွင်၊ သင်တို့သည် ဗျာဒိတ်တော်အသံကိုကြားလျက်ရှိသည်ဖြစ်၍ ခိုင်မာသောစိတ် နှလုံးမရှိကြနှင့်။ (ဟေဗြဲ၊၄း၇)

အချင်းချစ်သူ၊ မကောင်းသောနည်းကိုမလိုက်နှင့်၊ ကောင်းသောနည်းကိုသာလိုက်လော့။ ကောင်းသောအကျင့်ကိုကျင့်သောသူသည် ဘုရားသခင်နှင့် စပ်ဆိုင်၏။ မကောင်းသောအကျင့်ကို ကျင့်သောသူမူ ကား၊ ဘုရားသခင်ကိုမသိမမြင်ရပြီ။ (၃ယော၊၁း၁၁)

လူအပေါင်းတို့အား ခပ်သိမ်းသောအရာ တို့ကို ပြသသွန်သင်တော်မူ၍ မှတ်မိနိုင်သော ဉာဏ်ကို ပေးတော်မူသော ဥပဇ္ဈာယ်ဆရာတည်းဟူသော သန့်ရှင်းသောဝိညာဉ်တော်၏ လမ်းပြမှုကို ခံယူပြီး၊ သမ္မာကျမ်းစာထဲ၌ ရေးသားသမျှတို့ကို ရှင်းလင်းစွာသိမြင်လာပြီးနောက် လက်တွေ့ကျင့်သုံးကာ လိုက်ရှောက်ရမည်။

### ယုံကြည်သူတိုင်း ကျင့်စောင့်ရမည့် အကျင့်(၇)မျိုး၊

၁။ သမ္မာတရားနှင့်ဆိုင်သောအကျင့်၊
၂။ လျောက်ပတ်သောအကျင့်၊
၃။ ဖြောင့်မတ်သောအကျင့်၊
၄။ စင်ကြယ်သောအကျင့်၊
၅။ သူတပါးနှစ်သက်ဘွယ်သောအကျင့်၊
၆။ ချီးမွမ်းဘွယ်သောအကျင့်၊
၇။ ပါရမီတပါးပါး၊ ကောင်းသောသီတင်း တပါးပါး နှင့်ဆိုင်သောအကျင့် စသည်တို့ ဖြစ်သည်။

### ဆင်ခြင်နှလုံးသွင်းရန်၊

သင်တို့ကို အဘယ်သူမျှ မထီမဲ့မြင် မပြုစေခြင်းငှါ၊– စကားပြောခြင်း၊ ကျင့်ကြံပြုမူခြင်း၊ သူတပါးကို ချစ်ခြင်း၊ ဝိညာဉ်သဘော ရှိခြင်း၊ သစ္စာစောင့်ခြင်း၊ စင်ကြယ်ခြင်းအရာမှာ ယုံကြည်သောသူတို့အား ပုံသက်သေဖြင့်ပြပါ။ သမ္မာကျမ်းစာကိုဘတ်ခြင်း၊ တိုက်တွန်းသွေးဆောင်ခြင်း၊ ဆုံးမသြဝါဒပေးခြင်းကို ကြိုးစား၍ပြုရမည်။ (တိမောသေသြဝါဒစာပဌမစောင်၊၄း၁၂–၁၃)

သင်တို့သည် လောကီပုံသဏ္ဌာန်ကိုမဆောင်ကြနှင့်။ ကောင်းမြတ်သောအရာ၊ နှစ်သက်ဘွယ်သောအရာ၊ စုံလင်သောအရာဟူတည်းဟူသော ဘုရားသခင်အလိုတော်ရှိသောအရာသည် အဘယ်အရာ ဖြစ်သည်ကို သင်ယူသိမှတ်ပြီး၊ သင်တို့၏စိတ်နှလုံးကို အသင့်ပြင်ဆင်၍ ပုံသဏ္ဌာန်ပြောင်းလဲခြင်းရှိရမည်။ (ရောမသြဝါဒစာ၊၁၂း၂)

### ယုံကြည်သူတိုင်း ရှောင်ရှားရမည့်အရာများ၊

အချင်းချစ်သူတို့၊ သူတပါးသည် သင်တို့ကို ပြစ်မှားလျှင်၊

– ကိုယ်တိုင်အပြစ်ပြန်၍ မတုံ့ကြနှင့်။
– ဂုဏ်စည်းစိမ်ကို ငဲ့ကွက်ခြင်းမရှိကြနှင့်။
– ငါသည် ပညာရှိ၏ဟု ကိုယ်ကိုမထင်ကြနှင့်။
– အဘယ်သူကိုမျှ ရန်တုံ့မမူကြနှင့်။ (ရောမသြဝါဒစာ၊၁၂း၉–၁၉)

### ဆင်ခြင်နှလုံးသွင်းရန်၊

– ယုံသောစိတ်မရှိဘဲ ကျင့်သမျှသောအကျင့်တို့သည် အပြစ်ရှိကြ၏။ (ရောမ၊၁၄း၂၃)

– ဝိညာဉ်နှင့်ကင်းသောကိုယ်သည် အသေဖြစ်သကဲ့သို့၊ အကျင့်နှင့်ကင်းသောယုံကြည်ခြင်းသည် အသေဖြစ်၏။ (ရှင်ယာကုပ်သြဝါဒစာ၊၂း၂၆)

**ထာဝရဘုရားသခင်သည် ဘုန်းအာနုဘော်၌ စံပယ်တော်မူသော စည်းစိမ်ရှိသည်အတိုင်း၊**
**သင်တို့အလိုရှိသမျှတို့ကို ယေရှုခရစ်တော်အားဖြင့် ပြည့်စုံစေတော်မူလိမ့်မည်။**
**(ဖိလိပ္ပိသြဝါဒစာ၊၄း၁၉)**

**အမှုတော်မြတ်၌၊ –လူငယ်အားမာန်**

# __ထာဝရဘုရားကိုရှာကြပါ __

ထာဝရဘုရားနှင့် တန်ခိုးတော်ကို ရှာကြလော့။
မျက်နှာတော်ကို အစဉ်အမြဲ ရှာကြလော့။ ဆာလံ၊၁၀၅း၄။

ဘာကြောင့်! လောကသားများ ထာဝရဘုရားကိုရှာကြပါလို့ ပြောထားပါသလဲ။ အဖြေရှိပါသည်။

ဤလောကတွင် အသက်ရှင်နေထိုင်စဉ် နေ့ရက်တိုင်းမှာ မိမိလိုချင်စရာ၊ တပ်မက်စရာ၊ များစွာရှိနေတတ်ပါ၏။ မိမိလိုချင်တဲ့အရာကို ကြိုးစားပြီး ရှာဖွေနေကြသော်လည်း လိုချင်တာတွေ ဘယ်သောခါမျှ ပြီးပြည့်စုံမည် မဟုတ်ပါ။ သမ္မာတရားအရ၊ မိမိလိုချင်တာကို ရှာဖွေနေသည်ထက် ထာဝရဘုရားကိုရှာလျှင်၊ မိမိတို့လိုချင်တာထက် သာ၍ကောင်းသောအရာကို ရရှိကြပါလိမ့်မည်။

ရှေးဦးစွာ ထာဝရဘုရားကိုရှာကြရန်၊ ဘုရားသခင်၏အမည်နှင့်နာမတော်ကို သိထားရန် အမှန်ပင်လိုအပ်သည်။ တခါတရံမှာ လောကသားတို့၏ အချို့သောနာမည်များသည် လူတစ်ဦး၏ ထင်ရှားသောအကျင့်စရိုက် (သို့) ရုပ်သွင်ပြင်လက္ခဏာကို ဖော်ညွှန်းလေ့ရှိသည်။ သို့သော်လည်း၊ ကြီးမြတ်တော်မူသော ထာဝရဘုရားသခင်၏နာမတော်များကို သိရှိရခြင်းသည် ထူးခြားအံ့သြဖွယ် သဘောသဘာဝကို ဖော်ပြနေပါ၏။ သိရှိထားကြဖို့ရန်လည်း သတိပြုရပါလိမ့်မည်။ ထာဝရဘုရားသခင်သည် အလွန်ထူးခြားသည့် သွင်ပြင်လက္ခဏာများနှင့် ပြီးပြည့်စုံ၍၊ ထိုသို့သဘောသဘာဝ၊ တတ်နိုင်တော်မူခြင်း၊ ဘုန်းတန်ခိုးတော်တို့နှင့်စပ်လျဉ်းပြီး အမည်နာမတော် မြောက်များစွာရှိနေပါသည်။ ထိုနာမတော်များထဲမှ အချို့တို့ကို ဖော်ပြရလျှင် ဘုရားသခင်သည် ...

- ❈ El Shaddai အယ် ရှာဒါး -- အနန္တတန်ခိုးနှင့်ပြည့်စုံသော ဘုရား
- ❈ Elohim အယ်လိုဟင်း(မ်) -- ဘုရားတကာတို့၏ ဘုရား
- ❈ Jehovah Jireh ယေဟောဝါ ယိရေ -- ပြင်ဆင်ထောက်ပံ့သော ဘုရား
- ❈ Jehovah Rapha ယေဟောဝါ ရာဖါ -- အနာငြိမ်းစေသော ဘုရား
- ❈ Jehovah Shalom ယေဟောဝါ ရှာလုံ -- ငြိမ်သက်ခြင်း အရှင်
- ❈ Jehovah Shammah ယေဟောဝါ ရှာမာ -- တည်ရှိတည်နေတော်မူသော ဘုရား
- ❈ Jehovah Yahweh ယေဟောဝါ ရာဝေ -- ပဋိညာဉ်ကိုစောင့်ထိန်းသော ဘုရား

အထက်ပါ နာမတော်များသည် ဘုရားသခင်၏ကောင်းမြတ်ခြင်းကို ဖော်ပြနေပါသည်။ ထို့ကြောင့်၊ သုတ္တံကျမ်း၊ ၁၈း၁၀ တွင်၊ 'ဘုရားသခင်၏ နာမတော်သည် ခိုင်ခံ့သောရဲတိုက် ဖြစ်၍ ဖြောင့်မတ်သောသူတို့၊ ဘုရားကိုကြောက်ရွံ့သူတို့၊ ပြေးဝင်သဖြင့် လုံခြုံစွာနေရကြကြောင်း ..' ဆိုသည့် ကျမ်းစကားကို သတိရရန် တိုက်တွန်းခြင်းသည် အဆန်းမဟုတ်ပါ။ ကျွန်ုပ်တို့ မဖိတ်ခေါ် မကြိုဆိုသော အခြေအနေများက ကျွန်ုပ်တို့ကိုနှောင့်ယှက်ပြီး၊ မလုံခြုံ၍အားငယ်မှုကို ခံစားနေရသောအခါ ဘုရားသခင်၏နာမတော် တစ်ခုခုကို သတိရလိုက်ပါ။ ဘုရားသခင်သည် ထိုနာမတော်နှင့်အညီ အလိုတော်ရှိသည်အတိုင်း သစ္စာရှိစွာ ဆောင်ရွက်ပေးမည်ကို ယုံကြည်လျက် စိတ်ချပါ။ အဖဘုရားသခင်၏ သဘောသဘာဝကို ဖော်ညွှန်းပြသနေသော နာမတော်များသည် ကျွန်ုပ်တို့ အလိုအပ်ဆုံးအချိန်၌ နှစ်သိမ့်သက်သာရာကို အမှန်ရရှိစေပါသည်။

ထာဝရဘုရားသည် မဟာတန်ခိုးတော်နှင့် ပြည့်စုံသောဘုရား ဖြစ်၍၊ ဘုရားသခင်၏နှုတ်ကပတ်တော် (သို့) နှုတ်တော်ထွက်စကား၌ တန်ခိုးတော်ရှိသည်။ ဘုရားရှင်၏ကြီးမြတ်တော်မူခြင်း၊ ကောင်းမြတ်တော်မူခြင်း၊ ပြုပြင်နိုင်ခြင်း၊ ပေးစွမ်းနိုင်ခြင်း တို့ကို စဉ်းစားရှာဖွေ၍ ဂုဏ်တော်မြတ်ကို သိမှတ်ပါ။ စီရင်တော်မူသောအံ့သြဘွယ် တို့ကိုဎင်း၊ ထူးဆန်းသောအမှုတော်တို့နှင့် ပညတ်တရားတို့ကိုဎင်း အစဉ်သိမှတ်ပါ။ ဤသို့ပြုလျှင်၊ ထာဝရဘုရားသခင်ထံတော်ပါးမှ မျက်နှာတော်အလင်းနှင့်ကောင်းမြတ်ခြင်း တို့ကို တွေ့မြင်လာလိမ့်မည်။

ဆာလံ၊ ၃၄ း ၈ ။ ထာဝရဘုရားသည် ကောင်းမြတ်တော်မူသည်အကြောင်းကို မြည်းစမ်း၍ သိမှတ်ကြလော့။ ကိုယ်တော်ကို ခိုလှုံသောသူသည် မင်္ဂလာရှိ၏။

လောကကြီးမှာ မိမိ၏လိုချင်တပ်မက်မှုများကို ရှာနေမည့်အစား ထာဝရဘုရားသခင်၏ ဂုဏ်တော်မြတ်အပေါင်းကို သိမှတ်ချီးမွမ်းလျက်၊ မျက်နှာတော်ကိုရှာခဲ့လျှင်၊ သင်လိုချင်တာထက် လိုအပ်နေသောအရာများကိုလည်း ဖြည့်ဆီးပေးလိမ့်မည်။ အချိန်တန်သောအခါ ပြီးပြည့်စုံလာပါလိမ့်မည်။ ထာဝရဘုရားသခင်သည် အရာအားလုံးတို့၏အထက်မှာရှိပြီး၊ အရာအားလုံးတို့သည် ဘုရားသခင်၏လက်ဝယ် ရှိနေကြောင်းကို သတိပြု၍ သိမှတ်စွဲလန်းပါ။

လောကကြီးမှာ လူအများက အကြောင်းကိစ္စ တစ်စုံတစ်ရာ ပေါ်ပေါက်လာခဲ့သော်၊ မိမိအားကူညီမစမည့်သူကို ရှာဖွေကြ၏။ ထိုအခါ၊ အာဏာရှိသူ၊ ငွေကြေးချမ်းသာသူ၊ ပညာတတ်သူ၊ အကြံညာဏ်ပေးနိုင်မည့်သူတွေကို လိုက်ရှာတတ်ကြ၏။ အကယ်၍သာ၊ ထိုသူတွေက မကူညီနိုင်ခဲ့သော်၊ သို့တည်းမဟုတ် မကူညီခဲ့လျှင်၊ သင်သည် ဒုက္ခထဲမှာဘဲ မျောပါလို့နေတော့မလား။

သမင်ဒရယ်က ရေငတ်လျှင် ရေစီးသောချောင်းကို လိုက်၍ရှာသည်။
ကလေးငယ်က နို့ဆာလျှင် နို့ချိုတိုက်ကျွေးမည့် မိခင်ကို လိုက်ရှာကြသည်။
အကြောင်းရင်းမှာ၊ သူတို့ လိုချင်သည့်အရာနှင့် သူတို့လိုအပ်နေသည့်အရာကို ပေးစွမ်းနိုင်သည့် နေရာ (သို့) ပေးစွမ်းနိုင်သူကိုသာ လိုက်လို့ရှာကြသည် မဟုတ်ပါလား။

ထိုနည်းတူ၊ ထာဝရဘုရားက၊ "သင်တို့သည် ငါ့ကိုရှာသောအခါ၊ စိတ်နှလုံးအကြွင်းမဲ့နှင့် ရှာလျှင်တွေ့ကြလိမ့်မည်။ ငါသည်လည်း၊ သင်တို့အတွေ့ကိုခံမည်။" ယေရမိ၊၂၉း၁၃။

ကျွန်ုပ်တို့သည် နေ့ရက်တိုင်း၊ အချိန်တိုင်းမှာ အဆင်ပြေသည်ဖြစ်စေ၊ ခက်ခဲသည်ဖြစ်စေ၊ အရာခပ်သိမ်းတို့၏အထက်၊ လူခပ်သိမ်းတို့၏အပေါ်မှာ ရှိတော်မူသော ဘုရားသခင်ကိုသာ ရှာပါ။ ထိုသို့ရှာသောသူကို ဘယ်သောခါမျှ စွန့်ပစ်၍မထားပါ။ ရဲဝံ့စွာ အထံတော်သို့ ဆုတောင်းပဌနာပြုခြင်းဖြင့် တိုးဝင်တောင်းလျှောက်ပါ။ ကျွန်ုပ်တို့စကားကို ဘုရားသခင်နားထောင်မည်။

ချစ်သောမိတ်ဆွေ၊ သင်လိုအပ်ချိန်နှင့် ပင်ပန်းနေသောအချိန်များတွင် နာမတော်များကို အောက်မေ့ သတိရပါ။ သန့်ရှင်းသောနာမတော်မြတ်၌ ဝါကြွားဝမ်းမြောက်ပါ။ နာမတော်နှင့်အညီ ဘုရားသခင်ပြုမည်ဖြစ်၍ ကျေးဇူးတော်ကိုချီးမွမ်းလျက် စောင့်မျှော်ပါ။

ဆာလံ၊ ၁၀၅း၄။ ထာဝရဘုရားနှင့်တန်ခိုးတော်ကို ရှာကြလော့။
မျက်နှာတော်ကို အစဉ်အမြဲ ရှာကြလော့။

ထာဝရဘုရားကို ရှာသောသူတို့သည် စိတ်နှလုံးရွှင်လန်းကြစေ။ .. အာမင်။